**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**ကုန်သွယ်ရေးဦးစီးဌာန**

စာအမှတ်၊ကသရ(ဦး)မူဝါဒ(၃)/၂၀၁၈-၂၀၁၉(၂၄၀၀)

ရက်စွဲ ၊ ၂၀၁၉ ခုနှစ် ၊ ဇွန်လ ၁၉ ရက်

အကြောင်းအရာ။ **အမိန့်ကြော်ငြာစာအမှတ်(၃၄/၂၀၁၉ ) ထုတ်ပြန်ခြင်းအား သိရှိနိုင်ပါရန် အကြောင်းကြားခြင်း**

ရည် ညွှန်း ချက် ။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ၊ ဝန်ကြီးရုံး၏ ၁၃-၆-၂၀၁၉ ရက်စွဲပါ စာအမှတ် ၊ စက-၂၈/၂၄/၂၀၁၉(၁၉၀၆)

ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေ ပုဒ်မ ၄(ခ) အရ တိရစ္ဆာန်တစ်မျိုးမျိုးကို အရေးကြီးကုန်စည်အဖြစ်သတ်မှတ်ကြေညာပြီး ယင်းတိရစ္ဆာန်နှင့်စပ်လျဉ်း၍ သတ်ဖြတ်မှု၊ဖမ်းဆီးမှု၊ခိုင်းစေမှု၊မွေးမြူမှု၊တင်သွင်းမှု၊တင်ပို့မှု၊ရောင်းဝယ်မှု၊လက်ဝယ်ထားမှု၊သိုလှောင်မှု၊သယ်ဆောင်မှု၊ဖြန့်ဖြူးမှု၊အသုံးပြုမှု၊စားသုံးမှုတို့နှင့်သက်ဆိုင်သည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ တားမြစ်မိန့်၊စည်းမျဉ်းသတ်မှတ်မိန့်၊ကြီးကြပ်မိန့်၊ကာကွယ်မိန့်နှင့် လိုအပ်သလို ဆောင်ရွက်စေသည့် အမိန့်ထုတ်ပြန်နိုင်ခွင့်ကို စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအားအခွင့်အာဏာအပ်နှင်းသည့် အမိန့်ကြော်ငြာစာထုတ်ပြန်ခြင်းအား သိရှိနိုင်ပါရန်ဝန်ကြီးရုံးမှ အကြောင်းကြားလာခြင်းအပေါ် ကုန်သွယ်ရေးဦးစီးဌာနအောက်ရှိ ဌာနခွဲများ၊ကုန်သွယ်ရေးဇုန်များ၊စခန်းများနှင့် ပို့ကုန်သွင်းကုန်ရုံးများအနေဖြင့် သိရှိဆောင်ရွက်နိုင်ပါရန် ပူးတွဲပါအတိုင်း ပေးပို့အပ်ပါသည်။

**ပူးတွဲ ( ၃ ) ရွက်**

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)

(ဇော်မင်း ၊ ညွှန်ကြားရေးမှူး)

**ဖြန့်ဝေခြင်း**

ညွှန်ကြားရေးမှူး ၊ ဌာနခွဲအားလုံး၊ ကုန်သွယ်ရေးဦးစီးဌာန (www.commerce.gov.mm၊ www.commercejournal.com.mm ၊ www.myanmartradenet.com.mm ၊ www.myanmartradeportal.gov.mm) အစရှိသည့် ဝန်ကြီးဌာန၏ website များတွင် သက်ဆိုင်ရာဌာနခွဲများမှ ဖော်ပြပေးပါရန်)

ညွှန်ကြားရေးမှူး /ဒုတိယညွှန်ကြားရေးမှူး/လက်ထောက်ညွှန်ကြားရေးမှူး/ဦးစီးအရာရှိ

ကုန်သွယ်ရေးဇုန်နှင့် စခန်းများအားလုံး ၊ ပို့ကုန်သွင်းကုန်ရုံး (ရန်ကုန် ၊ မန္တလေး ၊ ကျိုင်းတုံ ၊ မြစ်ကြီးနားရုံးခွဲ) ကုန်သွယ်ရေးဦးစီးဌာန

မိတ္တူကို

ညွှန်ကြားရေးမှူးချုပ်ဦးစီးရုံး၊ ကုန်သွယ်ရေးဦးစီးဌာန
ဒုတိယညွှန်ကြားရေးမှူးချုပ်ရုံး ၊ ကုန်သွယ်ရေးဌာန
ဌာနစု(၁)(၂)၊ကုန်သွယ်မှုမူဝါဒဌာနခွဲ၊ကုန်သွယ်ရေးဦးစီးဌာန
လက်ခံစာတွဲ/မျှောစာတွဲ

| ညွှန်ချုပ်ရုံးဝင်စာမှတ်ပုံတင | |
|---|---|
| ရက်စွဲ | ၁၃.၆.၁၉ |
| အချိန် | ၁၆:၀၀ |
| စာအမှတ် | ၃၃၉၁ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ဝန်ကြီးရုံး

စာအမှတ်၊ စက - ၂၈/၂၄/၂၀၁၉ ( ၅၉၀၆ )

ရက် စွဲ ၊ ၂၀၁၉ ခုနှစ်၊ ဇွန် လ ၁၃ ရက်

သို့

ညွှန်ကြားရေးမှူးချုပ်
ကုန်သွယ်ရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်
စားသုံးသူရေးရာဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်
မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

အကြောင်းအရာ။ **တိရိစ္ဆာန်များနှင့် ပတ်သက်၍ အမိန့်ထုတ်ပြန်နိုင်ခွင့် ကိစ္စ**

ရည် ညွှန်းချက်။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၂.၅.၂၀၁၉ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်၊ ၃၄/၂၀၁၉

တိရိစ္ဆာန်များနှင့် ပတ်သက်၍ အမိန့်ထုတ်ပြန်နိုင်ခွင့်ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအား အပ်နှင်းခြင်းကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ရည်ညွှန်းပါအမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်ပါသဖြင့် သိရှိနိုင်ပါရန် စာမိတ္တူပေးပို့ အကြောင်းကြားပါသည်။

အမြဲတမ်းအတွင်းဝန်( ကိုယ်စား )
( မင်းဇော်၊ လက်ထောက်အတွင်းဝန်)

မိတ္တူကို -

လက်ထောက်အတွင်းဝန်
မူဝါဒနှင့်ဥပဒေလုပ်ထုံးလုပ်နည်းစိစစ်ရေးနှင့်လုပ်ငန်းစစ်ဆေးရေးဌာနခွဲ

\\172.16.129.70\d\MO2 MAIN\2019 MO2\General Outletter\Internal 2019\ALL (June).doc 9

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုအစိုးရအဖွဲ့

**အမိန့်ကြော်ငြာစာအမှတ် ၃၄ /၂၀၁၉**

၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်

(၂၀၁၉ ခုနှစ်၊ မေလ ၂၂ ရက်)

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေ ပုဒ်မ ၄(ခ) အရ တိရစ္ဆာန်တစ်မျိုးမျိုးကို အရေးကြီးကုန်စည်အဖြစ် သတ်မှတ်ကြေညာပြီး ယင်းတိရစ္ဆာန်နှင့် စပ်လျဉ်း၍ သတ်ဖြတ်မှု၊ ဖမ်းဆီးမှု၊ ခိုင်းစေမှု၊ မွေးမြူမှု၊ တင်သွင်းမှု၊ တင်ပို့မှု၊ ရောင်းဝယ်မှု၊ လက်ဝယ်ထားမှု၊ သိုလှောင်မှု၊ သယ်ဆောင်မှု၊ ဖြန့်ဖြူးမှု၊ အသုံးပြုမှု၊ စားသုံးမှုတို့နှင့်သက်ဆိုင်သည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ တားမြစ်မိန့်၊ စည်းမျဉ်းသတ်မှတ်မိန့်၊ ကြီးကြပ်မိန့်၊ ကာကွယ်မိန့်နှင့် လိုအပ်သလိုဆောင်ရွက်စေသည့် အမိန့်ထုတ်ပြန်နိုင်ခွင့်ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအား အပ်နှင်းလိုက်သည်။

၂။ ၂၁-၉-၁၉၆၆ ရက်စွဲပါ လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောရေးရာဌာန (စိုက်ပျိုးရေးဌာနစု)၏ အမိန့်ကြော်ငြာစာအမှတ် ၂၂၁ (ယခင် တိုင်းနှင့်ပြည်နယ် လုံခြုံရေးနှင့်အုပ်ချုပ်မှုကော်မတီ ဥက္ကဋ္ဌများသို့ ကျွဲ၊ နွားများနှင့်စပ်လျဉ်း၍ အာဏာအပ်နှင်းထားသည့်အမိန့်)ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း

အတွင်းရေးမှူး

ပြည်ထောင်စုအစိုးရအဖွဲ့

စာအမှတ်၊ ၂၂၀ /၁၆၅- အဖရ (အရေးကြီးကုန်စည်)/(၈/၂၀၁၉)

ရက်စွဲ ၊ ၂၀၁၉ ခုနှစ်၊ မေလ ၂၂ ရက်

ဖြန့်ဝေခြင်း

နိုင်ငံတော်သမ္မတရုံး

သမ္မတဦးစီးရုံး

ဒုတိယသမ္မတ(၁)ဦးစီးရုံး

ဒုတိယသမ္မတ(၂)ဦးစီးရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး ✓ (စီးပွား + ကူးသန်း )

ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး

နေပြည်တော်ကောင်စီ

တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးများအားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

သက်ဆိုင်ရာပုဂ္ဂိုလ်များ

ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းအပိုင်း(၁)တွင် ထည့်သွင်းကြေညာပေးပါရန်။

အမိန့်အရ

မြင့်မြင့်သွယ်
ညွှန်ကြားရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး